# Child Dental Benefits Schedule

Child Dental Benefits Schedule (CDBS) သည် အသက် 0 နှစ်မှ 17 နှစ် ကလေးများအတွက် အခြေခံသွားကျန်းမာရေးအလုပ်အချို့၏ ကုန်ကျစရိတ် အနည်းငယ် သို့မဟုတ် အားလုံးကို ပေးပါသည်။

မည်သည်တို့ကို ပေးပြီး မည်မျှ ရနိုင်သည်ကို သိရှိရန် **servicesaustralia.gov.au/childdental** သို့ သွားပါ။

## CDBS ရနိုင်မနိုင် သိနိုင်သောနည်း

သင့်ကလေး CDBS ရနိုင်ပါက Services Australia မှ စာ ရရှိမည်ဖြစ်သည် ။

ထိုစာသည် 2 နှစ်သက်တမ်း ရှိပါသည်။

ကလေး သို့မဟုတ် လူငယ်တစ်ဦးသည် အောက်ပါအခြေအနေများတွင် CDBS ရရှိနိုင်ပါသည်-

- ပြက္ခဒိန်နှစ်၏ တစ်ရက်ရက်တွင် ၎င်းတို့သည် အသက် 0 မှ 17နှစ်ကြား ရှိရမည်
- ၎င်းတို့တွင် Medicare ကတ် ရှိရမည်
- ၎င်းတို့သည် Centrelink သို့မဟုတ် Department of Veterans' Affairs သတ်မှတ်ထားသော ငွေပေးချေမှုကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ရရှိရမည်၊ သို့မဟုတ် ၎င်းတို့တွင် ကျွန်ုပ်တို့ထံမှ ငွေပေးချေမှုကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ရရှိသော မိဘ၊ ပြုစုစောင့်ရှောက်သူ သို့မဟုတ် အုပ်ထိန်းသူ ရှိရမည်။

သင်၏ Centrelink ငွေပေးချေမှုများနှင့် Department of Veterans' Affairs မှ အကြောင်းအချက်များသည် သင် CDBS ရနိုင်မနိုင်ကြောင်းကို ပြောပြပါမည်။

### ရနိုင်သော ငွေပေးချေမှု အမျိုးအစားများ

| မည်သူ ငွေပေးချေမှုကို ရသလဲ။ | ငွေပေးချေမှုအမျိုးအစား |
|---|---|
| မိဘ၊ ပြုစုစောင့်ရှောက်သူ သို့မဟုတ် အုပ်ထိန်းသူ | • Family Tax Benefit Part A<br>• Parenting Payment<br>• Double Orphan Pension |

| | |
|---|---|
| ကလေး သို့မဟုတ် လူငယ် | • ABSTUDY<br>• Family Tax Benefit Part A<br>• Carer Payment<br>• Disability Support Pension<br>• Parenting Payment<br>• Special Benefit<br>• Youth Allowance<br>• အသက် 16 မှ 17 နှစ် အတွင်းဖြစ်ပါက Department of Veterans' Affairs ၏ ထောက်ပံ့ကြေးများ |
| လူငယ်၏ အတူနေအဖော် | • Family Tax Benefit Part A<br>• Parenting Payment |

# သင့်၏CDBS လက်ကျန်ငွေ စစ်ဆေးနည်း

သင့်ကလေး၏ CDBS လက်ကျန်ငွေပမာဏကို အောက်ပါတို့ဖြင့် စစ်ဆေးနိုင်ပါသည်-

- သင့်၏ သွားဆရာဝန်ကို မေးမြန်းခြင်း
- myGov အက်ပ်ကို အသုံးပြုခြင်း
- **my.gov.au** တွင် Medicare၊ ပြီးနောက် 'History and statements'၊ ပြီးနောက် 'Child Dental Benefits Schedule' ကိုရွေးပါ။
- **132 011 ကို** ဖုန်းခေါ်ခြင်း။ သင် စကားပြန်တစ်ဦးလိုအပ်ပါက ကျွန်ုပ်တို့က အသိပေးပါ။ ကျွန်ုပ်တို့က စကားပြန်တစ်ဦး အခမဲ့စီစဉ်ပေးပါမည်။

# CDBS အောက်မှာ မည်သည့်တို့ အကျုံးဝင်ပါသလဲ

CDBS တွင် အောက်ပါအလုပ်များအတွက် ပေးပါသည်-

- စစ်ဆေးခြင်းများ
- ဓာတ်မှန်များ
- သန့်ရှင်းရေး
- သွားဖာခြင်းများ

- သွားအမြစ်ကုသမှုများ
- သွားနုတ်ခြင်းများ။

CDBS သည် အောက်ပါတို့အတွက် အကျုံးမဝင်ပါ-

- သွားညှိခြင်း
- သွားအလှလုပ်ငန်း
- ဆေးရုံတွင်ပြုလုပ်သော သွားကုသခြင်းများ။

CDBSအလုပ်များကို Medicare Safety Netတွင် မ ထည့်သွင်းထားပါ။ Medicare Safety Net အကြောင်း ပိုမိုသိရှိလိုပါက **servicesaustralia.gov.au/medicare-safety-nets**သို့ သွားပါ။

# CDBSကို အသုံးပြုနည်း

သွားဆရာဝန်နှင့် ရက်ချိန်းယူပြီး CDBSကို အသုံးပြုမည်ဟု အသိပေးပါ။

ထိုရက်ချိန်းတွင် သွားဆရာဝန်သည် သင့်ကလေး လိုအပ်သော မည်သည့်ကုသမှုများကို ပြောပြပြီးနောက်၊ ကုန်ကျစရိတ်ကို သင့်အား ကုသမှုမစမီ ပြောပြပါမည်။ သင်သဘောတူပါက ခွင့်ပြုချက်ပုံစံတွင် လက်မှတ်ထိုးရန် လိုအပ်ပါသည်။

# CDBS ၏ခံစားခွင့်များ တောင်းခံခြင်း

သင့်သွားဆရာဝန်က bulk bills (ကုန်ကျငွေ အစိုးရထံမှ) ရယူပါက သင် တောင်းခံရန် မလိုအပ်ပါ။ Bulk billing (ကုန်ကျငွေ အစိုးရထံမှ ရယူခြင်း) ဆိုသည်မှာ သင်အနေဖြင့် ကျန်းမာရေးပညာရှင်ကုသမှုအတွက် ငွေပေးချေရန် မလိုအပ်ပါ။

သင့်သွားဆရာဝန်က bulk bill (ကုန်ကျငွေ အစိုးရထံမှ) မရယူပါက သင်သည် ထို ကုန်ကျငွေကို သွားဆရာဝန်အား ပေးချေပြီးနောက် သင့်ခံစားခွင့်ကို တောင်းခံရန် လိုအပ်ပါသည်။

သွားကုသမှုတစ်ခုတည်းအတွက် ခံစားခွင့်ကို CDBSနှင့် ပုဂ္ဂလိက ကျန်းမာရေးအာမခံကုမ္ပဏီထံမှ သင်မတောင်းဆိုနိုင်ပါ။

# ပိုမိုသိရှိရန်

- English (အင်္ဂလိပ်ဘာသာ) ဖြင့် နောက်ထပ် သတင်းထုတ်ပြန်ချက်များအတွက် **servicesaustralia.gov.au/childdental** သို့ သွားပါ။
- **servicesaustralia.gov.au/yourlanguage** ဝက်ဘ်ဆိုက်တွင် အချက်အလက်များကို သင် သင်၏ဘာသာစကားဖြင့် ဖတ်ရှုနိုင်သည်၊ နားထောင်နိုင်သည် သို့မဟုတ် ဗွီဒီယိုကြည့်နိုင်သည်။
- English (အင်္ဂလိပ်ဘာသာ) ဖြင့် ပုံစံများစာရင်းကို သိရှိလိုပါက **servicesaustralia.gov.au/forms** သို့ သွားပါ။
- Centrelink ထောက်ပံ့ကြေးများနှင့် လုပ်ငန်းများအကြောင်းကို သင့်ဘာသာစကားဖြင့် မေးမြန်းနိုင်ရန် **131 202** သို့ ဖုန်းခေါ်ပါ။
- Medicare (မက်ဒီကဲ)အတွက် **132 011**နှင့်Child Support (ကလေးစရိတ်)အတွက် **131 272** ကို ဖုန်းခေါ်ပါ။ သင် စကားပြန်လိုအပ်ပါက ကျွန်ုပ်တို့အား အသိပေးပါ၊ ကျွန်ုပ်တို့ တစ်ဦးကို အခမဲ့ စီစဉ်ပေးပါမည်။

သတိ- သင့်အိမ်ဖုန်းမှ Australia (ဩစတြေးလျ)ရှိ '13' နံပါတ်များသို့ ဖုန်းခေါ်ခြင်းအတွက် ပုံသေနှုန်းဖြင့် ဖုန်းခေါ်ခ ပေးရပါမည်။ ထိုနှုန်းမှာ ဒေသတွင်း ဖုန်းခေါ်ခ ကွဲပြားခြားနားနိုင်ပြီး ဖုန်းကုမ္ပဏီများအကြားတွင်လည်း ကွဲပြားခြားနားနိုင်သည်။ သင့်အိမ်ဖုန်းမှ ဖုန်း '1800' နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများမှာ အခမဲ့ဖြစ်ပါသည်။ အများပြည်သူနှင့် မိုဘိုင်းဖုန်းများမှ ဖုန်းခေါ်ဆိုမှုများကို အချိန်တိုင်းတာထားပြီး ပိုမိုကြီးမြင့်သောနှုန်းထားဖြင့် ကျခံရနိုင်သည်။

# တာဝန်မယူငြင်းဆိုချက်

ဤထုတ်ဝေစာစောင်ပါ အချက်အလက်များကို ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများအတွက် လမ်းညွှန်အဖြစ်သာ ရည်ရွယ်ပါသည်။ ထောက်ပံ့ကြေးအတွက် လျှောက်ထားလိုသည် ဟုတ်/မဟုတ် အပြင် သင့် သီးခြား အခြေအနေအပေါ်မူတည်၍ လျှောက်လွှာတင်သွင်းလိုသည် ဟုတ်/မဟုတ် ဆုံးဖြတ်ရန်မှာ သင်၏ တာဝန်ဖြစ်ပါသည်။

Australian Government
Services Australia

ENGLISH

# Child Dental Benefits Schedule

The Child Dental Benefits Schedule (CDBS) covers part or the full cost of some basic dental services for children aged 0 to 17.

You can go to **servicesaustralia.gov.au/childdental** to find out what and how much we cover.

## How to know if you can get CDBS

You will get a letter from Services Australia if your child can get the CDBS.

It is valid for 2 years.

A child or teenager can get CDBS if:

- they are aged 0 to 17 years for at least one day of the calendar year
- they are on a Medicare card
- they are getting an eligible Centrelink or Department of Veterans' Affairs payment at least once a year, or have a parent, carer or guardian getting a payment from us at least once a year.

Information about your Centrelink payments and from the Department of Veterans' Affairs tells us if you can get CDBS or not.

### Types of eligible payments

| Who gets the payment? | The type of payment |
|---|---|
| Parent, carer or guardian | • Family Tax Benefit Part A<br>• Parenting Payment<br>• Double Orphan Pension |
| Child or teenager | • ABSTUDY<br>• Family Tax Benefit Part A<br>• Carer Payment<br>• Disability Support Pension<br>• Parenting Payment<br>• Special Benefit<br>• Youth Allowance<br>• Department of Veterans' Affairs allowances if aged 16 to 17 |
| Partner of teenager | • Family Tax Benefit Part A<br>• Parenting Payment |

## How to check your CDBS balance

You can check the CDBS balance amount for your child by:

- asking your dentist
- using the myGov app
- going to **my.gov.au** and selecting Medicare then 'History and statements', then 'Child Dental Benefits Schedule'
- calling **132 011**. Let us know if you need an interpreter and we will arrange one for free.

## What is covered under the CDBS

The CDBS covers services including:

- examinations
- X-rays
- cleaning
- fillings
- root canals
- extractions.

CDBS does not cover:

- orthodontic
- cosmetic dental work
- any dental services done in a hospital.

CDBS services do not count towards the Medicare Safety Net. You can go to **servicesaustralia.gov.au/medicare-safety-nets** to find out more about the Medicare Safety Net.

## How to use the CDBS

Make an appointment with a dentist and let them know you get the CDBS.

At the appointment, the dentist must tell you what services your child needs and how much it will cost before they start. If you agree you will need to sign a consent form.

## Claiming benefits under the CDBS

If your dentist bulk bills, you do not need to make a claim. Bulk billing means you do not have to pay for your medical service from a health professional.

If your dentist does not bulk bill, you need to pay the amount to the dentist and then claim your benefit from us.

You cannot claim a benefit under the CDBS and from a private health insurer for the same dental service.

## For more information

- Go to **servicesaustralia.gov.au/childdental** for more information in English.
- Go to **servicesaustralia.gov.au/yourlanguage** where you can read, listen to or watch information in your language.
- Go to **servicesaustralia.gov.au/forms** for a list of our forms in English.
- Call **131 202** to speak with us in your language about Centrelink payments and services.
- Call **132 011** for Medicare and **131 272** for Child Support. Let us know if you need an interpreter, and we will arrange one for free.

Note: calls from your home phone to ‘13’ numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to ‘1800’ numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

## Disclaimer

The information contained in this publication is intended only as a guide to payments and services. It’s your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.